**တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၇ ရက်မြောက်နေ့ (၂၂-၇-၂၀၂၆)**
**မေးမြန်းခဲ့သော မေးခွန်းများနှင့် ဖြေကြားချက် အကျဉ်းချုပ်**

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| ၁။ | **ဦးတင့်ဝေ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်**က ကုန်ဈေးနှုန်း ကျဆင်းရေးနှင့် ဈေးနှုန်းတည်ငြိမ်ရေး မည်သို့ဆောင်ရွက်မည်ကို သိလိုခြင်း မေးမြန်းပါသည်။ | **ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန**က သယ်ယူပို့ဆောင်ရေး၊ ကုန်ထုတ်လုပ်မှုနှင့် စိုက်ပျိုးရေး လုပ်ငန်းများတွင် အဓိကအသုံးပြုသည့် ဒီဇယ်ဆီနှင့် ဓာတ်မြေဩဇာ တင်သွင်းမှုအပေါ် အခွန်ကင်းလွတ်ခွင့် ပြုထားပြီး ပြည်သူများ နေ့စဉ်စားသုံးနေရသည့် စားသောက်ကုန်ပစ္စည်းများ ဈေးနှုန်းကျဆင်းရေးနှင့် တည်ငြိမ်ရေးအတွက် အစိုးရ၏ လုပ်ငန်းစဉ်များတွင် ပိုမိုပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၂။ | **စိုင်းကျော်လှ၊ ကွန်ဟိန်းမဲဆန္ဒနယ်**က ကွန်ဟိန်းမြို့နယ်၊ ကာလိမြို့၊ နမ့်လန်-ခမ်းယုံး-မွေတော်ဟိုလင်း ဘုရားလမ်းမကြီးအား ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိလိုခြင်း မေးမြန်းပါသည်။ | **နယ်စပ်ရေးရာဝန်ကြီးဌာန**က မွေတော်ဘုရားလမ်းပိုင်း ၁၅/၅ မိုင် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို လာမည့်ဘဏ္ဍာနှစ်များတွင် ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီးအပိုင်းအလိုက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၃။ | **စိုင်းထွန်းစံ(ခ)စိုင်းဆေဟန်၊ လင်းခေးမဲဆန္ဒနယ်**က လင်းခေး ခရိုင်၊ ဟိုမိန်းမြို့၊ နားမွန်းလုံနယ်စပ်ဂိတ်ကို တရားဝင်ဖွင့်လှစ်ပေးနိုင်ပါရန် အစီအစဉ် ရှိ၊ မရှိ သိလိုခြင်း မေးမြန်းပါသည်။ | **စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**က နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ဒေသတွင်းလုံခြုံငြိမ်းချမ်းမှုရှိသော်လည်း နယ်နိမိတ်စနစ်တကျတိုင်းတာသတ်မှတ်ရန် ကျန်ရှိသည့်နေရာဖြစ်၍ နယ်နိမိတ်တိုင်းတာရေးကိစ္စရပ်များပြီးပြတ်မှသာ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားပါသည်။ |
| ၄။ | **ဒေါက်တာထိန်ဝင်း၊ ကျောင်းကုန်းမဲဆန္ဒနယ်**က လျှပ်စစ်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်၌ လျှပ်စစ်စွမ်းအင် ကဏ္ဍမည်မျှပါဝင်သည်၊ မည်သည့်လုပ်ငန်းများတွင် ဆောင် | **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**က ယခုဘဏ္ဍာနှစ်တွင် ဓာတ်အားထုတ်လုပ်မှုအတွက် ရေအားလျှပ်စစ်စီမံကိန်း ၅ ခု၊ ဓာတ်အား ပို့လွှတ်မှုတွင် ဓာတ်အားခွဲရုံ ၃၀ ခုနှင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်း |

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| | ရွက်မည့် နောက်နှစ်စဉ် ဘဏ္ဍာရေးနှစ်အလိုက် လျှပ်စစ်ကဏ္ဍ မည်သို့ဆောင်ရွက်သွားမည်။ ပြည်ပနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ဆဲ၊ ရှေ့ဆောင်ရွက်မည့် အစီအစဉ်များကို သိလိုခြင်း မေးမြန်းပါသည်။ | ၈၅ ခုကို လျာထားဆောင်ရွက်လျက်ရှိပါကြောင်းနှင့် နိုင်ငံခြားချေးငွေ ပေးဆပ်ပြီးနှင့် ပေးဆပ်ဆဲလုပ်ငန်း ပြီးစီးသည့်စီမံကိန်း ၃၀ခု၊ လုပ်ငန်းဆောင်ရွက်ဆဲစီမံကိန်း ၈ခုအား ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားပါသည်။ |
| ၅။ | **ဦးစိုင်းဆိုင်နော်၊ မောက်မယ်မဲဆန္ဒနယ်**က မောက်မယ်မြို့နယ်၊ ဟိုနမ့်နှင့် ပန်းတန်ကျေးရွာအုပ်စုတို့တွင် လျှပ်စစ်ဓာတ်အား ရရှိနိုင်ရေးနှင့် မည်သို့ဆက်လက်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ သိလိုခြင်း မေးမြန်းပါသည်။ | **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**က မောက်မယ်-ဟိုနမ့် ၃၃ ကေဗွီ ဓာတ်အားလိုင်း ၂၇.၅ မိုင်နှင့် ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၉-၂၀၃၀ ဘဏ္ဍာနှစ် ရန်ပုံငွေတွင်လျာထား၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၆။ | **ဦးနိုင်မင်းဦး၊ ကြံခင်းမဲဆန္ဒနယ်**က ကြံခင်းမြို့နယ်၊ ဘက်ရဲမြို့တွင် 66/11 KV ဓာတ်အားခွဲရုံတစ်ခုကို မည်သည့်အချိန်တွင် စတင်တည်ဆောက်ပြီး မည်မျှကြာမည်ဖြစ်ကြောင်းနှင့် မည်သည့်အချိန်တွင် လျှပ်စစ်ဓာတ်အား ပြည့်ပြည့်ဝဝသုံးရမည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။ | **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**က ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်မှစ၍ ၆၆ ကေဗွီ(အဝင်၊ အထွက်) နှစ်ထပ်ဓာတ်အားလိုင်း ၁.၅ မိုင်နှင့် ဓာတ်အားခွဲရုံအတွက် တည်ဆောက်ရေးပစ္စည်းများကို ဝယ်ယူထားရှိပြီးဖြစ်ပြီး ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် လျာထား၍ တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၇။ | **ဦးဝင်းမြင့်၊ တွံတေးမဲဆန္ဒနယ်**က တွံတေးမြို့နယ်၊ ဘုရင့်နောင်နှင့် မြသီတာရပ်ကွက်တို့အား မြေဌားဂရန်ရရှိရေး ကွင်းဆင်းဆောင်ရွက်ပေးခြင်း ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **ပြည်ထဲရေးဝန်ကြီးဌာန**က ရပ်ကွက်အဖြစ် တိုးချဲ့ဖွဲ့စည်းခွင့် ခွင့်ပြုချက်ရရှိပါကနယ်နိမိတ်သတ်မှတ်ရေးနှင့် ကြပ်မတ်ရေးအရာရှိ ခန့်အပ်၍ မြို့မြေတိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီး မြို့ကွက်မြေပုံ အသုံးပြုခွင့်ရပါကမြေငှားဂရန်ရရှိရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |

| စဉ် | မေးခွန်း | အဖြေ |
| --- | --- | --- |
| ၈။ | **ဦးတင်မြင့်၊ ဒလမဲဆန္ဒနယ်**က ဒလမြို့နယ် ကျေးရွာအုပ်စု (၂၃)အုပ်စုရှိ ရွာမြေများကို မြေဌာနဂရန်ထုတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **ပြည်ထဲရေးဝန်ကြီးဌာန**က ကျေးရွာအုပ်စု ၂၃ ခုရှိ ညောင်ငုတ်တို ကျေးရွာအား မြေငှားဂရန်ထုတ်ပေးခြင်း ဆောင်ရွက်ပေးခဲ့ပြီး ယခု ဘဏ္ဍာနှစ်တွင် သပြေကုန်းကျေးရွာအား မြေငှားဂရန် ထုတ်ပေးနိုင်ရေး အတွက် ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားပါသည်။ |
| ၉။ | **ဦးစန်းမြင့်၊ မြစ်သားမဲဆန္ဒနယ်**က မြစ်သားမြို့နယ်မှ ကျေးရွာ (၇)ရွာအား တရားဝင်အသိအမှတ်ပြုကျေးရွာခွဲများအဖြစ် သတ်မှတ် ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် ရှိပါက မည်သည့် ဘဏ္ဍာရေးနှစ် တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။ | **ပြည်ထဲရေးဝန်ကြီးဌာန**က ဥယျာဉ်ကျေးရွာမြေသည် ဝန်ကြီးဌာနပိုင် မြေဖြစ်၍ ကျေးရွာမြေအဖြစ်သတ်မှတ်ပေးနိုင်ခြင်းမရှိပါကြောင်းနှင့် ကျန် ၆ ရွာအား ကျေးရွာများအဖြစ် သတ်မှတ်နိုင်ရေး တိုးချဲ့/ ပယ်ဖျက်/ အမည်ပြောင်း ပြင်ဆင်ဖွဲ့စည်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရမည်ဖြစ်၍ လတ်တလောဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း ဖြေကြားပါသည်။ |
| ၁၀။ | **ဦးတင်ရွှေ၊ ရွှေတောင်မဲဆန္ဒနယ်**က ရွှေတောင်မြို့နှင့်တစ်ဆက် တည်းရှိသော ကျေးရွာများအား ရပ်ကွက်များအဖြစ် တိုးချဲ့ ဖွဲ့စည်းပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **ပြည်ထဲရေးဝန်ကြီးဌာန**က ကျေးရွာ ၁၅ ရွာအနက် ၄ ရွာသည် လယ်မြေ နှင့် ကျေးရွာမြေများဖြစ်၍ မြို့ရွာပြင်ဆင်ဖွဲ့စည်းခြင်းဆိုင်ရာ လုပ်ထုံး လုပ်နည်းများနှင့် လည်းကောင်း၊ ၉ ရွာသည် မြို့မြေနှင့် တစ်ဆက်စပ်တည်း မရှိ၍ မြို့မြေအဖြစ် ဆောင်ရွက်ပြီး၍လည်းကောင်း ရပ်ကွက်အဖြစ် တိုးချဲ့ဖွဲ့စည်းနိုင်ရေးဆောင်ရွက်ရမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၁၁။ | **ဦးဂုဏ်ဝမ်း၊ ခန္တီးမဲဆန္ဒနယ်**က ခန္တီးမြို့နယ်တွင် ပြည်သူ့စစ်မှု ထမ်းဥပဒေ၊ နည်းဥပဒေကိုကျော်လွန်ပြီး ဆောင်ရွက်နေမှု များကို မည်ကဲ့သို့ ထိန်းညှိဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။ | **ပြည်ထဲရေးဝန်ကြီးဌာန**က ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များမှ ဥပဒေနှင့်မညီသည့် ဆင့်ခေါ်မှုမဖြစ်ပေါ်စေရေး အဆင့်ဆင့်ကြပ်မတ် ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ဥပဒေ၊ နည်းဥပဒေများကို ကျော်လွန်ပြီး ဆောင်ရွက်ပါက ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဖြေကြားပါသည်။ |

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| ၁၂။ | **ဦးထင်အောင်ရှိန်၊ မိုင်းတုံမဲဆန္ဒနယ်**က တောင်ကြီးမြို့မှ နမ့်စန်-တာကော်-မိုင်းပျဉ်း-ကျိုင်းတုံ-တာချီလိတ်ကားလမ်း နှင့် တောင်ကြီးမြို့မှ နမ့်စန်-လင်းခေး-တာဆန်း-မိုင်းတုံ-မိုင်းဆတ်-တာချီလိတ်ကားလမ်းတစ်လျှောက်ရှိ ဌာနဆိုင်ရာ စစ်ဆေးရေးဂိတ်များအား စုစည်း၍ အရေးကြီးသော နေရာများတွင်သာ စစ်ဆေးရေးဂိတ် ဖွင့်လှစ်စစ်ဆေးခြင်းအား ဆောင်ရွက်၍ ရရှိနိုင်မှု ရှိ၊ မရှိ အချက်အချာကျသော အရေးကြီး နေရာများတွင် X-Ray machine စက်များထားရှိစစ်ဆေးခြင်း၊ အချို့နေရာများတွင် mobile X-Ray machineစက်များဖြင့် ရွေ့လျား စစ်ဆေးခြင်းများ ဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ စစ်ဆေးရေးဂိတ်များတွင် ပြည်သူအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေသော ဆောင်ရွက်မှုများ မရှိစေရေးအတွက် မည်သည့်ဌာနက တာဝန်ယူဆောင်ရွက်ပေးမည်နှင့် မည်သို့ဆောင်ရွက်နိုင်မှု အစီအစဉ်များအား သိရှိလိုခြင်း မေးမြန်းပါသည်။ | **ပြည်ထဲရေးဝန်ကြီးဌာန**က တောင်ကြီး-ကွန်ဟိန်း-တာချီလိတ် ကားလမ်းပေါ်ရှိ စစ်ဆေးရေးဂိတ် ၁၃ ခု၊ တောင်ကြီး-လင်းခေး-တာချီလိတ်ကားလမ်းပေါ်ရှိ စစ်ဆေးရေးဂိတ် ၁၇ ခုတို့တွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့နှင့် ပူးပေါင်း စစ်ဆေးလျက်ရှိပြီး X-Ray စက်များ၊ နည်းပညာမြင့် စက်ကိရိယာများ တပ်ဆင် နိုင်ခြင်းမရှိသေးသည့် ဂိတ်များတွင် ခရီးသည်များအား လူစုခွဲ စစ်ဆေးခြင်း၊ ကုန်တင်ယာဉ်များနှင့် ခရီးသည်တင်ယာဉ်များ စစ်ဆေးရာတွင် ပြည်သူလူထု ဝန်ထုတ်ဝန်ပိုးမဖြစ်စေရေးအတွက် မသင်္ကာသည့်ယာဉ်များကိုသာ ဦးစားပေးစစ်ဆေးခြင်းများ ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် နည်းပညာမြင့် စက်ကိရိယာပစ္စည်းများ တပ်ဆင်နိုင်ရေး ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ကြောင်း ဖြေကြားပါသည်။ |